# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 26 , 2023 Volume 73, Number 16


၂၆.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၁ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၁၀၀၀၀ |
| ဒေါ်လာဈေး | = ၃၄၉၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၉.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၁၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၇၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးထွန်းအုံ မူပိုင်ခွင့်ဦးစီးဌာနတည်ထောင်ခြင်း (၃)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်



၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ကျရောက်သည့် မူပိုင်ခွင့် ဦးစီးဌာန၏ (၃)နှစ်ပြည့်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့၊ နံနက် (၁၀:၀၀)နာရီတွင် နေပြည်တော်၊ ရုံးအမှတ် (၅၂)ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ရွှေထွန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် မူပိုင်ခွင့်ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ဝန်ကြီးဌာန၏ **“စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သော မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်ရန်”** ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်ကို အထောက်အပံ့ဖြစ်စေမည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မူပိုင်ခွင့်ဥပဒေ ၄ ရပ်အနက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို ယခုနှစ် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှာ အာဏာတည်ခဲ့ပြီး အဆိုပါမူပိုင်ခွင့်လျှောက်လွှာများအားလက်ခံခြင်း၊ စစ်ဆေးခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိဝန်ထမ်းများအတွက် လိုအပ်သောလူ့စွမ်းအား အရင်းအမြစ်ပြုစုပျိုးထောင်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး ဦးစီးဌာနမှ

ဝန်ထမ်းများ အနေဖြင့်လည်း စွမ်းရည်ပြည့်ဝသောဝန်ထမ်းကောင်းများဖြစ်စေရေး အထူးကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်၊ ဝန်ကြီးဌာနကချမှတ်ထားသော လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်စေမည့် ဌာနတစ်ခုအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လုပ်ငန်းရှင်များအတွက် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ခိုင်မာလာစေရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေးအတွက် မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်ရေးမှာလည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မူပိုင်ခွင့်ဦးစီးဌာနသည် နိုင်ငံတော်အတွက် အထောက်အပံ့ဖြစ်စေမည့် ဦးစီးဌာနအဖြစ်ရပ်တည်နိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ဆက်လက်၍ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မူပိုင်ခွင့်ဦးစီးဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် မူပိုင်ခွင့်ဦးစီးဌာန၏ လှုပ်ရှားဆောင်ရွက်မှု Documentary အား ပြသခြင်း၊ ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းနှင့်ဂုဏ်ပြုတေးသီချင်းများဖြင့်ဖျော်ဖြေ၍ အခမ်းအနားကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရမည့်ကာလကို အာရှနိုင်ငံများသို့တင်ပို့မှုအတွက် ယခင်တစ်လခွဲအစား တစ်လနှင့် အာရှနိုင်ငံမှအပ အခြားနိုင်ငံများကို တင်ပို့မှုအတွက် ယခင်သုံးလအစား နှစ်လသို့လျှော့ချသတ်မှတ်

ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရမည့်ကာလကို အာရှနိုင်ငံများသို့ တင်ပို့မှုအတွက် ယခင်တစ်လခွဲအစား တစ်လနှင့် အာရှနိုင်ငံမှအပ အခြားနိုင်ငံများကို တင်ပို့မှုအတွက် ယခင်သုံးလအစား နှစ်လသို့လျှော့ချသတ်မှတ်လိုက်ကြောင်း အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၃) ဖြင့် ဗဟိုဘဏ်က ဒီဇင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်ထားသည်။

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်းနှင့် (၆-၅-၂၀၂၂) ရက်စွဲပါ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၂) တို့အရ ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေကို နိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ မပျက်မကွက်ထည့်သွင်းရေး ဆောင်ရွက်ရာတွင် အာရှနိုင်ငံများသို့တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ၄၅ ရက်အတွင်းလည်းကောင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ရက်ပေါင်း ၉၀ အတွင်းလည်းကောင်း ပြန်လည်ဝင်ရောက်ရန် သတ်မှတ်ထားသည်။

ပို့ကုန်ရငွေများအား ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ရမည့်ကာလကို အာရှနိုင်ငံများသို့တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ယခင် ၄၅ ရက်အစား ၃၀ ရက်သို့ လည်းကောင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ယခင်ရက် ၉၀ အစား ၆၀ ရက်သို့လည်းကောင်း မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက်ထည့်သွင်းရန် ပြင်ဆင်သတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ထားသည်။

အဆိုပါအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**Source: https://news-eleven.com/article/286083**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ပသို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုမှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၅ ရက်ထိ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၄ သန်းကျော်ရှိသည်။ ယခုအပတ်တွင် လယ်ယာထွက် ဆန်၊ ဆန်ကွဲ ၊ နှမ်း ၊ ဖရဲ ၊ သခွား ၊ တစ်သျှူးငှက်ပျော သစ်သီးဝလံများ ၊ ရော်ဘာ ၊ ကော်ဖီစသည့် နှစ်ရှည်သီးနှံထွက်ကုန်များ ၊ သွပ် ၊ ကြေးနီသတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချော CMP ချုပ်ပြီး အထည်တို့ ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ပြီးခဲ့သည့် ရက်သတ္တပတ်ထက် အမေရိကန်ဒေါ်လာ ၃၃ သန်း ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ယခုရက်သတ္တပတ်တွင် ဆန်၊ ဆန်ကွဲ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၂ သန်းရရှိပြီး ပင်လယ်ရေကြောင်းမှ အင်ဒိုနီးရှား၊ တရုတ်၊ စပိန်၊ ပိုလန်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ နယ်သာလန်အပါအဝင် နိုင်ငံပေါင်း (၂၀) နိုင်ငံသို့ (၅၇၆၅၉)တန်နှင့် နယ်စပ်မှ လွယ်ဂျယ်၊ ကံပိုင်တည်၊ ကျိုင်းတုံစခန်းများမှ (၃၉၆၀) တန် တင်ပို့ခဲ့သည်။

ကမ္ဘာ့ဆန်စပါးဈေးကွက်၌ အယ်လ်နီညိုရာသီဥတု၏ သက်ရောက်မှုများကြောင့် ဆန်ရောင်းလိုအား/ဝယ်လိုအား မြင့်မားမှုများဖြစ်ပေါ်လာပြီး ဆန်တင်ပို့/ဆန်တင်သွင်းနိုင်ငံများ၏ နိုင်ငံအလိုက် အစီအမံများဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းများအရ မိုးစပါး၊ နွေစပါး ထွက်ရှိမှုမှာ ညီမျှ ဆန်တန်ချိန် ၁၃ သန်းရှိပြီး ပြည်တွင်းစားသုံးမှုမှာ ဆန်တန်ချိန် ၉ ဒသမ ၅ သန်းရှိသဖြင့် ပိုလျှံမှုတန်ချိန် ၃ သန်းကျော်ရှိကြောင်း ခန့်မှန်းတွက်ချက်ရရှိသည်။ နှစ်အလိုက် ပြည်ပတင်ပို့မှုတွင် ဆန်၊ ဆန်ကွဲ တန်ချိန် ၃ ဒသမ ၆ သန်းအထိ အများဆုံးတင်ပို့နိုင်ခဲ့သည်။

မိမိတို့နိုင်ငံမှာ စိုက်ပျိုးရေးကို အဓိကဆောင်ရွက်ပြီး စားရေရိက္ခာဖူလုံသည့်နိုင်ငံဖြစ်သည့် အားလျော်စွာ စားသုံးမှုမှ ပိုလျှံသမျှကို ပြည်ပတင်ပို့ပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေရရှိနိုင်ရေးသည်လည်း အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ ယခုနှစ်၌ ကမ္ဘာ့ဆန်ဝယ်လိုအားတက်လာပြီး ကမ္ဘာ့ဆန်ဈေးကွက်အသီးသီးရှိ ဆန်ဈေးနှုန်းများမြင့်မားလာမှုနှင့်အတူ ကုန်စည်စီးဆင်းမှု (Commodity Flow) တွင် ပါဝင်သည့် ပြည်တွင်းတောင်သူများ၊ လုပ်ငန်းရှင်များလည်း ပို့ကုန်တင်ပို့မှု၌ အမြင့်ဈေးရရှိပြီး တွက်ခြေကိုက်မှုရှိသည်။ တစ်ဖက်တွင်လည်း ပြည်တွင်းဆန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ဆန်လက်ကျန် အလုံအလောက်ရှိစေရေးကို သက်ဆိုင်ရာအသင်းအဖွဲ့များ၏ဦးဆောင်မှုဖြင့် စီမံထိန်းကျောင်း ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

စပါးမျိုးကောင်းမျိုးသန့်များဖြင့် စက်မှုလယ်ယာစနစ်ကို ဝိုင်းဝန်းဖော်ဆောင်ခြင်းဖြင့် စပါးအထွက်နှုန်း များစွာတိုးစေပြီး ပြည်ပနိုင်ငံများစွာသို့လည်း ပိုမိုတင်ပို့လာနိုင်မည်ဖြစ်သည်။

ပြည်ပသို့ လုပ်ငန်းရှင်များ ဆန်၊ ဆန်ကွဲ ပိုမိုတင်ပို့နိုင်စေရေးအတွက် ယခင်က Pre-License Cargo Inspection ကုန်ပစ္စည်းသိုလှောင်ထားရှိမှု စစ်ဆေးခြင်းကို ပို့ကုန်လိုင်စင်ပမာဏ၏ ၁၀၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့ရာမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ၅၀ ရာခိုင်နှုန်းထိ လျော့ချ၍ခွင့်ပြု ပေးလျက်ရှိသည်။ အသေးစား၊ အလတ်စားနှင့်အငယ်စား လုပ်ငန်းရှင်များအတွက် နိုင်ငံတော်မှ အားပေးကူညီသောအားဖြင့် ဆန်၊ ဆန်ကွဲ တန်ချိန် ၂၆၀ နှင့်အောက် ပို့ကုန်လိုင်စင် လျှောက်ထားမှုများအတွက် ကုန်ပစ္စည်း သိုလှောင်ထားရှိမှု စစ်ဆေးခြင်းကို ဖြေလျော့ဆောင်ရွက်ပေးထားပြီး ဖြစ်သည်။

ပြည်တွင်းရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြင့်တင်ပို့နိုင်ရေးအတွက် ဆန်စပါးအပြင် ဆီထွက်သီးနှံ နေကြာ၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ လယ်ယာထွက်ကုန်များအား နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးနှင့် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ထွက်ကုန်များအား ယခုထက် ပိုမိုတင်ပို့နိုင်ရေးကို တောင်သူအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ကုန်သည်အသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့်သက်ဆိုင်ရာဌာနအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း အသိပေးအပ်ပါသည်။

**Source: https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%**

## အိန္ဒိယဝယ်အားကြောင့် ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံ တစ်တန်ဈေး ၃၃ သိန်းကျော်အထိ မြင့်တက်လာ




ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် အိန္ဒိယနိုင်ငံမှ ဝယ်ယူတင်သွင်းနေခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံနီက တစ်တန်ကို ကျပ် ၃၃ သိန်းကျော်အထိ ဈေးမြင့်တက်လာပါတယ်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် အဓိကစိုက်ပျိုးသော ပဲစင်းငုံသည် အိန္ဒိယဈေးကွက်သို့သာ အများဆုံးတင်ပို့နေပြီး ဒီဇင်ဘာလလယ်ပိုင်းတွင် ဝယ်လိုအားကျဆင်းသွားခြင်းကြောင့် ကျပ်သိန်း ၃၀ အထိ ဈေးကျခဲ့ပြီးနောက် တစ်ပတ်အတွင်း တစ်တန်လျှင် ကျပ် ၃ သိန်းကျော် ဈေးနှုန်း ပြန်လည်မြင့်တက် လာခြင်းဖြစ်ပါတယ်။

"ပဲစင်းငုံကတော့ ပန်းပန်နေတာပေါ့၊ အိန္ဒိယက သူတို့နိုင်ငံရဲ့လိုအပ်ချက်ကရှိနေတော့ သူဝယ်ရင် ဈေးကတက်လာတာပဲ" လို့ အောင်လံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်မိုးက ပြောပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပဲစင်းငုံနီ ပိဿာ ၆၀ တစ်အိတ်ကို ၂,၉၀,၀၀၀ကျပ် ဈေးရှိရာကနေ လက်ရှိမှာ ၃,၂၅,၀၀၀ကျပ်အထိ ဈေးပြန်တက်လာပါတယ်။

အိန္ဒိယက သူတို့နိုင်ငံရဲ့စားနပ်ရိက္ခာလိုအပ်ချက်အတွက် မြန်မာကနေ လာမဲ့ဇန်နဝါရီလမှာ ပဲစင်းငုံနီ တန် ၄ သိန်း ဝယ်ယူသွားဖို့ရှိတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်အပြီးမှာ ပဲစင်းငုံအဝယ်လိုက်ပြီး ဈေးနှုန်းများပြန်လည်ဦးမော့လာခြင်း ဖြစ်ပါတယ်။

လက်ရှိပြည်တွင်းမှာက ပဲစင်းငုံနီ အရင်နှစ်လက်ကျန်အဟောင်းက မရှိသလောက်နည်းသွားပြီး ဈေးကွက်ထဲကို ပဲစင်းငုံနီအသစ်တွေ ဆက်တိုက်ဝင်ရောက်နေပါတယ်။

ပဲစင်းငုံနီကို မန္တလေးတိုင်း၊ မကွေးတိုင်းမှာ အများဆုံးစိုက်ပျိုးပြီး ကျန်ဒေသအချို့မှာလည်း စိုက်ပျိုးမှုရှိကြောင်း ယခု ဒီဇင်ဘာလထဲမှာ မိုးပဲစင်းငုံနီအသစ်တွေ ရိတ်သိမ်းပြီး ဈေးကွက်ထဲဝင်ရောက်နေပါတယ်။

ပဲစင်းငုံနီကို အိန္ဒိယနိုင်ငံကိုသာ အဓိကတင်ပို့ရတာဖြစ်ပြီး အိန္ဒိယက လိုအပ်ချက်များပြီး ဝယ်လိုအားကောင်းရင် ဈေးကွက်က မြင့်တက်လာတာဖြစ်ပါတယ်။

**(AMIA)**

**Source: https://t.me/htwettoe**

## မြန်မာနိုင်ငံမှ သစ်သီးဝလံများကို ကွမ်ရှီးဒေသသို့ နမူနာတင်သွင်းခွင့်ရရှိရေး ဆွေးနွေး




မြန်မာနိုင်ငံမှထွက်ရှိသည့် သစ်သီးဝလံများကို တရုတ်နိုင်ငံ၊ ကွမ်ရှီးဒေသသို့ နမူနာတင်သွင်းခွင့်ရရှိရေး ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

တရုတ်နိုင်ငံ၊ နန်နင်းမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းအကောက်ခွန်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yang Baoqing နှင့် အဖွဲ့အား ဒီဇင်ဘာလ (၁၉) ရက်တွင် နန်နင်းအကောက်ခွန်ဌာန ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့တာလို့ဆိုပါတယ်။

အဆိုပါတွေ့ဆုံမှုတွင် မြန်မာနိုင်ငံမှသစ်သီးဝလံများကို ကွမ်ရှီးဒေသသို့ နမူနာတင်သွင်းခွင့်ရရှိရေးနှင့် မြန်မာ့သစ်သီးဝလံမိတ်ဆက်ပွဲ ကျင်းပနိုင်ရေး ပတ်သက်၍ ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

နန်နင်းအကောက်ခွန်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yang Baoqing က မြန်မာနိုင်ငံနှင့် ကွမ်ရှီးဒေသတို့အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်သွားနိုင်ရေး၊ အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်များတွင် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ရေးနှင့် E-certificate ကို အသုံးပြုသည့်နည်းလမ်းများနှင့် Sanitary and Phytosanitary (SPS) measures များ မြင့်တင်ဆောင်ရွက်ခြင်းဖြင့် တရုတ်-အာဆီယံ အစားအစာဘေးကင်းလုံခြုံရေး အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးစသည်ဖြင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စများနှင့် အလားအလာများကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**Opinion Leaders မှကူးယူဖော်ပြပါသည်။**

**https://t.me/htwettoe**

## တရုတ်နိုင်ငံ၌ပြုလုပ်သည့် လက်ဖက်ပြပွဲတွင် မြန်မာနိုင်ငံမှ လုပ်ငန်းထုတ်ကုန် လက်ဖက်ခြောက်က ရွှေတံဆိပ်ရရှိခဲ့



တရုတ်နိုင်ငံတွင်ပြုလုပ်သည့် လက်ဖက်ပြပွဲကြီးတွင် မြန်မာနိုင်ငံမှ လုပ်ငန်းထုတ်ကုန် လက်ဖက်ခြောက်က ရွှေတံဆိပ်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ လက်ဖက်အသင်းမှ သိရသည်။

ဒီဇင်ဘာလ ၂၁ ရက်မှ ၂၅ ရက်အထိ တရုတ်နိုင်ငံ Shenzhen မြို့တွင် ပြုလုပ်နေပြီး နိုင်ငံတကာမှ ပြခန်းပေါင်း ၄၇၀၀ ကျော် ပါဝင်ပြသနေကာ ကမ္ဘာလုံးဆိုင်ရာလက်ဖက်ပြပွဲများတွင် အကြီးဆုံးပြပွဲများထဲမှ တစ်ပွဲဖြစ်သည့် Global Tea Fair Shenzhen (Autumn)၂၀၂၃ ပွဲသို့ မြန်မာနိုင်ငံလက်ဖက်အသင်းမှ အသင်းဝင် ကုမ္ပဏီများက သွားရောက်ပြသခဲ့ကြောင်း၊ ပြသရာတွင် Bio-trade Project ၏ အကူအညီဖြင့် မြန်မာကိုယ်စားပြုပြခန်းပေါင်း ခုနစ်ခန်းဖြင့် မြန်မာ့လက်ဖက်ယဉ်ကျေးမှုကိုဖော်ထုတ်ရန် ရည်ရွယ်၍ အသင်းဝင်လုပ်ငန်းများ၏ မြန်မာ့လက်ဖက်ပုံစံမျိုးစုံကို ခင်းကျင်းပြသခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ဖက်အသင်းဝင် တစ်ဦးဖြစ်တဲ့ TGT Tea Co., Ltd. မှ ဦးမောင်လွင်ကလည်း Shenzhen ပွဲ၏ အစဉ်အလာ တစ်ခုဖြစ်သော လက်ဖက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်၍ ထိုဆုပေးပွဲမှ အထူးရွှေတံဆိပ်ဆုကိုရရှိခဲ့ပါတယ်ဟု အဆိုပါအသင်းက ထုတ်ပြန်ထားသည်။

ယခုဆုမှာ TGT Tea ၏ Jade Leaf လက်ဖက်ခြောက်အနေဖြင့် သုံးကြိမ်မြောက် ရွှေတံဆိပ်ဆုရရှိခဲ့ခြင်းဖြစ်ကာ ယခုနှစ်တွင် ထူးခြားစွာ အထူးရွှေတံဆိပ်ဆုရရှိခဲ့ခြင်းဖြစ်ပြီး ကြယ်(၅)လုံးနှင့်ညီမျှသည့်ဆုကိုရရှိခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

**Source: https://www.myawady.net.mm/node/50073**

## ပြည်ပပို့ကုန်မှ ပို့ကုန်ရငွေများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ရမည့်ကာလကို ဗဟိုဘဏ်က ထပ်မံကန့်သတ်

ပြည်ပသို့တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ရမည့်ကာလအား လျှော့ချသတ်မှတ်လိုက်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဒီဇင်ဘာ (၂၅) ရက်စွဲဖြင့် ထုတ်ပြန်အသိပေးထားသည်။

အဆိုပါထုတ်ပြန်ချက်အရ ပြည်တွင်းမှ အာရှနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း၌လည်းကောင်း (ယခင်က ၄၅ရက်အတွင်း)၊ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ ရက် (၆၀)အတွင်း၌လည်းကောင်း (ယခင်က ရက် ၉၀အတွင်း) မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက်ထည့်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

ယင်းအမိန့်ကြော်ငြာစာသည် စတင်ထုတ်ပြန်သည့် ဒီဇင်ဘာ (၂၅) ရက်မှ စတင်အကျိုးသက်ရောက်မည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ဗဟိုဘဏ်က အမိန့်ကြေညာချက် အမှတ် ၂၇/၂၀၂၃ ဖြင့် ထုတ်ပြန်အသိပေးထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံဗဟိုဘဏ်သည် ပြည်ပပို့ကုန်မှ ရငွေများပြန်လည်ဝင်ရောက်ရမည့် ကာလနှင့်ပတ်သက်၍ ယခင်က ပြည်တွင်းမှ အာရှနိုင်ငံများသို့ တင်ပို့သည့်ပို့ကုန်များအတွက် ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ (၄၅) ရက်အတွင်း၌လည်းကောင်း၊ အခြားနိုင်ငံများသို့ တင်ပို့သည့်ပို့ကုန်များအတွက် ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း၌လည်းကောင်း ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက်ထည့်သွင်းရမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၂ ဖြင့် အသိပေးထုတ်ပြန်ထားရာမှ ယခု ပြန်လည်ပြင်ဆင်သတ်မှတ်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် သတ်မှတ်ချက်များနှင့်အညီ ငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများကို ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်းကိုလည်း ပြီးခဲ့သည့် အောက်တိုဘာ (၆) ရက်တွင် ကုန်သွယ်ရေးဦးစီးဌာနမှ အသိပေးကြေညာချက် ထုတ်ပြန်ထားပြီးသည်။

**Source: https://www.popularmyanmar.com/?p=142841**

## နှစ်ကူးအကြိုကာလတွင် ဖရဲ၊ သခွားမွှေး သစ်သီးဈေးကွက်ကောင်းလာနိုင်

တရုတ်နိုင်ငံမှ ဝယ်လိုအားနည်းသွားခြင်းကြောင့် နယ်စပ်တွင် မြန်မာဖရဲ၊ သခွားမွှေး သစ်သီးဈေးနှုန်းများ ကျဆင်းသော်လည်း နှစ်သစ်ကူးချိန်တွင် ဈေးနှုန်းများ ပြန်လည်မြင့်တက်လာနိုင်ကြောင်း ကုန်သည်များထံက သိရသည်။

တရုတ်နိုင်ငံသည် နယ်စပ်ကုန်သွယ်ရေးဖြင့် မြန်မာနိုင်ငံမှ ဖရဲ၊ သခွားသစ်သီးများကို ပွင့်လင်းရာသီတွင် နေ့စဉ်တန်ချိန်ထောင်ချီတင်သွင်းနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယခုနှစ်တွင် မူဆယ်နှင့်ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများ ပိတ်နေခြင်းကြောင့် မိုင်းလားနယ်စပ်မှတစ်ဆင့် မြန်မာ့သစ်သီးများ ကို တင်ပို့နေရခြင်းဖြစ်သည်။

ခရီးလမ်းကြောင်းရှည်ကြာပြီး ကုန်ကျစရိတ်များသော်လည်း စိုက်ပျိုးသူတောင်သူများ၏ ရင်းနှီးမြှုပ်နှံမှုများဆုံးရှုံးမခံနိုင်ခြင်းကြောင့် လမ်းကြောင်းသစ်များ ရှာဖွေတင်ပို့နေသော်လည်း ရာသီဥတုအတားအဆီးက သစ်သီး အရည်အသွေးပိုင်းကို ထိခိုက်နေကြောင်း အသီးကုန်သည်များက ပြောသည်။

ယခင်က ပွင့်လင်းရာသီချိန်တွင် နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ဖရဲ၊ သခွား တင်ပို့ရောင်းချမှုက ၁၂ ဘီးကားအစီး ရေ ၅၀၀-၆၀၀ ဝန်းကျင်အထိရှိတယ်လို့ ကုန်သည်အချို့ကပြောသည်။

လက်ရှိ မိုင်းလားနယ်စပ်သို့ ဖရဲကားအစီး ၅၀၊ သခွားမွှေး ကား ၁၀ စီးကျော်သာ တင်ပို့နိုင်သေးကြောင်း ကုန်သည်များထံကသိရသည်။

မြန်မာပြည်အလယ်ပိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်တို့အပါအဝင်ဒေသအချို့မှ ဖရဲ၊ သခွားမွှေးကိုစိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုအနည်းငယ်နှင့် ပင်လယ်ရေကြောင်းကုန်သွယ်ရေးဖြင့် ပြည်ပတင်ပို့မှု အနည်းငယ်ရှိခဲ့သော်လည်း အများစုကို နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ရောင်းချနေခြင်းဖြစ်ကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## STOCK EXCHANGE (26.12.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Dec. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,250 (Shares) | 34,220,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -100 | -1.14% | 8,800 | 8,800 | 8,700 | 627 | 5,463,600 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,800 | 851 | 2,415,350 | 38,929,150 | 110,948 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 1,600 | -50 | -3.03% | 1,650 | 1,650 | 1,600 | 489 | 782,500 | 29,664,613 | 47,463 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 2 | 4,900 | 12,823,224 | 31,417 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 1,950 | 803 | 1,576,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,700 | 4,700 | 4,700 | 122 | 573,400 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 4,356 | 7,405,200 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 26th Dec. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.17 | -3.10 | -0.84% | 368.27 | 368.27 | 363.61 | 7,250 | 18,220,950 | 8 | 688,772 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 26th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 17,250 (Shares) | 34,220,950 (MMK) |

## Main Board

As of 1:00 pm, 26th Dec. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,250 (Shares) | 34,220,950 (MMK) |

| MYANPIX | 365.17 ▼ 3.10 |
|---|---|
| Total Volume (shares) | 7,250 |
| Total Value (MMK) | 18 mil |
| Listed Company | 8 |
| Market Cap. (MMK) | 688,772 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,600 | ▼ 50 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 100 |
| MAEX | 00008 | 1,700 | ▲ 0 |

TIR